## Pentecost Sunday (June 08, 2014)

### 1st READING: *Acts 2:1-11*

တမန်တော်ဝတ္ထု ၂း ၁–၁၁

ပင်တေကော့စတာပွဲနေ့ကျရောက်သောအခါ၊သူတို့အားလုံးသည်တစ်နေရာတည်း၌အတူစုဝေးလျက်ရှိကြ၏။ထိုအခါပြင်းထန်သောလေမုန်တိုင်းတိုက်ခတ်သံနှင့်တူသောအသံသည်ကောင်းကင်မှရုတ်တရက်ပေါ်ထွက်လာ၍သူတို့စုဝေးနေထိုင်ကြသောအိမ်သည်ထိုအသံနှင့်ပြည့်နေလေ၏။သူတို့ရှေ့တွင်လျှာသဏ္ဌာန်ရှိသောမီးလျှံငယ်များထွက်ပေါ်လာ၍သူတို့အသီးသီး၏အပေါ်တွင်တည်နေ၏ ၏ သူတို့အားလုံးသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြလျက်သန့်ရှင်းသောဝိညာဉ်တော်သည်ဟောပြောသောအခွင့်ကိုသူတို့အားပေးတော်မူသည့်အတိုင်းသူတို့သည်အခြားသောဘာသာစကားများကိုစတင်ပြောဆိုကြလေ၏။ထိုအချိန်တွင်ကမ္ဘာပေါ်ရှိတိုင်းနိုင်ငံအသီးသီးတို့မှဘုရားတရားကြည်ညိုသူဂျူးလူမျိုးတို့သည်ဂျေရုဆလင်မြို့၌တည်းခိုလျက်ရှိကြ၏။ထိုအသံကိုကြားကြသောအခါများစွာသောသူတို့သည်စုရုံးရောက်ရှိလာကြသောအခါတမန်တော်တို့ပြောဆိုနေကြသည်ကိုမိမိတို့ဘာသာစကားအသီးသီးဖြင့်ကြားကြရသောကြောင့်အလွန်အံ့ဩနေကြ၏။ထိုလူအပေါင်းတို့သည်လည်းအံ့ဩတွေဝေလျက်ဆိုကြသည်မှာစကားပြောဆိုနေကြသောဤသူများသည်ဂါလိလေနယ်သားများမဟုတ်ပါလော။သူတို့ပြောဆိုနေကြသည်ကိုငါတို့အသီးသီးသည်မိမိတို့မွေးရပ်ဒေသ၏ဘာသာစကားဖြင့်ကြားနေကြရသည်မှာအဘယ်သို့ဖြစ်သနည်း။ပါရှန်ပြည်မှစ၍မီဒီယန်၊ဧလမ်၊ မေဆိုပိုတမိယ၊ ဂျူဒေယ၊ ကာပ္ပဒိုစိယပြည်၊ ပွန္တုပြည်၊ အာရှ။ ဖရိဂျီယနှင့်ပမ်ဖိလိယပြည်၊ အီဂျစ်ပြည်၊ဆီရင်မြို့လက်အောက်ရှိလစ်ဗျားပြည်မှနယ်ပယ်တို့တွင်နေထိုင်သူများ၊ရောမမြို့မှလာကြသောဂျူးလူမျိုးများနှင့်ဂျူးဘာသာတို့ဝင်လာသူများ။ခရိပြည်နှင့်အရေးဗျပြည်သားများဖြစ်ကြသောငါတို့သည်ဤသူတို့ပြောဆိုနေကြသောဘုရားသခင်၏အံ့ဩဘွယ်ရာအမှုတော်များကိုငါတို့ဘာသာစကားအသီးသီးဖြင့်ကြားနေရပါ သည်တကားဟုဆိုကြလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  104:1, 24, 29-30, 31, 34

ဆာလံကျမ်း       ၁၀၄

**သံပြိုင်။**  ။ ကိုယ်တော်၏ဝိညာဉ်တော်ကိုစေလွှတ်တော်မူ၍မြေမျက်နှာပြင်ကိုအသစ်ပြုပြင်တော်မူပါ။
R. Lord, send out your Spirit, and renew the face of the earth.

၁။အိုတပည့်တော်၏ဘုရားသခင်ထာဝရဘုရားကိုယ်တော်သည်အလွန်ကြီးမြတ်တော်မူပါ၏။ကမ္ဘာမြေကြီး
သည်ကိုယ်တော်ဖန်ဆင်းထားရာသတ္တဝါများဖြင့်ပြည့်နှက်လျက်ရှိ၏။ **သံပြိုင်။**
O LORD, my God, you are great indeed! How manifold are your works, O Lord! the earth is full of your creatures;

၂။ ထာဝရဘုရား၏ဘုန်းဂုဏ်တော်သည်ကာလအစဉ်အဆက်တည်မြဲပါစေ။ထာဝရဘုရားသည်မိမိ၏လက်
ရာတော်များကြောင့် ရွှင်လန်းဝမ်းမြောက်ပါစေ။ **သံပြိုင်။**
May the glory of the LORD endure forever; may the LORD be glad in his works! Pleasing to him be my theme; I will be glad in the LORD.

၃။သူတို့၏အသက်ကိုရုပ်သိမ်းတော်မူသောအခါသူတို့သည်သေ၍မြေမှုန့်အဖြစ်သို့ပြန်လည်ရောက်ရှိသွား
ကြပါ၏။ ကိုယ်တော်၏ ဝိညာဉ်တော်ကို စေလွှတ်တော်မူသော အခါသူတို့သည် ဖန်ဆင်းခြင်းခံရ၍
ကိုယ်တော်သည် မြေမျက်နှာပြင်ကို အသစ်ပြုပြင်တော်မူ၏။ **သံပြိုင်။**
If you take away their breath, they perish and return to their dust. When you send forth your spirit, they are created, and you renew the face of the earth

## 2nd READING: 1 Corinthians 12:3b-7, 12-13

ကော်ရင့်သုဩဝါဒပထမစာစောင် **၁၂း ၃–၇၊ ၁၂–၁၃**

သန့်ရှင်းသောဝိညာဉ်တော်ဘုရားမပါလျှင်သခင်ယေရှုသည်အရှင်သခင်ဖြစ်ပါသည်ဟု၍လည်းကောင်းမည်သူမျှမဝန်ခံနိုင်ကြောင်းသင်တို့အားငါသိနားလည်စေလိုသည်။ဆုကျေးဇူးတော်အမျိုးမျိုးရှိ၏။သို့သော်လည်းထိုကျေးဇူးများကိုဝိညာဉ်တော်တစ်ပါးတည်းကပေးသနားတော်မူ၏။အစေခံရန်နည်းလမ်းအမျိုးမျိုးရှိသော်လည်းအစေခံရသည့်သခင်တစ်ပါးတည်းသာရှိ၏။အမှုတော်ဆောင်ရန်တာဝန်အမျိုးမျိုးရှိသော်လည်းလူတိုင်း၌သီးခြားအမှုတော်များအတွက်၊တာဝန်များကိုပေးသနားတော်မူသောသခင်သည်တစ်ပါးတည်းသာဖြစ်၏။အများကောင်းကျိုးအတွက်လူအသီးသီး၌ဝိညာဉ်တော်ဘုရားတည်ရှိတော်မူကြောင်းထင်ရှားစွာဖော်ပြလျက်ရှိ၏။လူ့ခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၍ကိုယ်အင်္ဂါအစိတ်အပိုင်းများစွာရှိကြ၏။ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းများသည်အရေအတွက်များစွာရှိကြသော်လည်းခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၏။ခရစ်တော်သည်လည်းထိုနည်းတူဖြစ်၏။ထိုနည်းတူစွာငါတို့သည်ဂျူးလူမျိုးဖြစ်စေ၊လူမျိုးခြားဖြစ်စေ၊ကျွန်ဖြစ်စေ၊လွတ်လပ်သူဖြစ်စေ၊ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့်ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ဆေးကြောခြင်းမင်္လာခံယူကြ၏။ ငါတို့အားလုံးလည်းဝိညာဉ်တော်တစ်ပါးတည်းမှသောက်သုံးကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***John 20: 19-23***
ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂၀း၁၉–၂၃

ရက်သတ္တပတ်၏ပထမနေ့၊ညနေအချိန်ရောက်သောအခါတပည့်တော်တို့သည်ဂျူးလူမျိုးတို့ကိုကြောက်သောကြောင့်မိမိတို့စုဝေးကြသောနေရာတွင်တံခါးများကိုပိတ်ထားလျက်နေကြ၏။ထိုအချိန်၌သခင်ယေရှုးသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျှက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်သူတို့အားမိမိလက်တော်များနှင့်နံဘေးတော်ကိုပြတော်မူ၏။တပည့်တော်တို့သည်လည်းသခင်ဘုရားကိုဖူးမြင်ရသဖြင့်ဝမ်းမြောက်ကြလေ၏။တဖန်ကိုယ်တော်ကသင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ခမည်းတော်သည်ငါ့ကိုစေလွှတ်သကဲ့သို့ငါသည်လည်းသင်တို့ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်သူတို့အပေါ်သို့မှုတ်တော်မူလျှက်သန့်ရှင်းသောဝိညာဉ်တော်မြတ်ကိုခံယူကြလော့။ အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအပြစ်များသည်ခွင့်လွှတ်ခြင်းခံရလိမ့်မည်။အကြင်သူ၏အပြစ်များကိုသင်တို့တည်စေလျှင်ထိုအပြစ်များသည်တည်လျှက်ရှိ၏ ဟုသူတို့အားမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။